**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**ကာကွယ်ရေးဝန်ကြီးဌာန**

mod@nugmyanmar.org

---

ထုတ်ပြန်ကြေညာချက်အမှတ် ( ၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်)

## ဆေးဝန်ထမ်းတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ ခေါ်ယူခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် ပြည်သူ့ရဲဘော်များ၊ စစ်ဘေးရှောင်ပြည်သူများနှင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသောကြောင့် ကျန်းမာရေးဝန်ထမ်းအင်အား တိုးမြှင့်ရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝှမ်းရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ထားသော ပညာရပ်များအလိုက် ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆေးဘက်ဆိုင်ရာ စစ်မှုထမ်းဆောင်ရန်အတွက် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များ-

(က) အထူးကုဆရာဝန်များ/ အထူးကုဘွဲ့လွန်သင်တန်းသားများ (သွားနှင့်ခံတွင်း အထူးကု ဆရာဝန်များအပါအဝင်)

( ခ ) ဆရာဝန်များ (သွားနှင့်ခံတွင်း ဆရာဝန်များအပါအဝင်)

( ဂ ) သူနာပြုများ

(ဃ) ဆေးနှင့် ဆေးနီးနွယ်ဆိုင်ရာ ဒီပလိုမာ၊ ဘွဲ့ရရှိသူများ

( င ) တိုင်းရင်းဆေးပညာရှင်များ

( စ ) အခြေခံကျန်းမာရေးဝန်ထမ်းများ

၃။ လျှောက်ထားသူသည် -

(က) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ပါက CDM ပြုလုပ်ထားသူ (သို့မဟုတ်) အမျိုးသားညီညွတ်ရေးအစိုးရ၏ လျှို့ဝှက်တာဝန်ပေးချက်အရ စစ်ကောင်စီထံတွင် တာဝန်ထမ်းဆောင်နေသူများ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှုမရှိသူ ဖြစ်ရမည်။

(ဃ) အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဆေးရုံ/ ဆေးခန်း/ တပ်ရင်း/ တပ်ဖွဲ့/ စစ်ကြောင်းများတွင်သော်လည်းကောင်း၊ တာဝန်ချထားမည့် နေရာ ဒေသများသို့သော်လည်းကောင်း၊ သွားရောက်၍ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူ၏ ပညာအရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုနှင့် တော်လှန်ရေး၏ လိုအပ်မှုတို့အပေါ်တွင်မူတည်၍ သင့်လျော်သောတာဝန်များ ခန့်အပ်သွားမည်။

၅။ တာဝန်ချထားမည့် နေရာဒေသများတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့် စားဝတ်နေရေးတို့အတွက် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမြေပြင် တပ်ရင်း/ တပ်ဖွဲ့များက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် စာပိုဒ် ၂ တွင် ပါရှိသည့် ရာထူးနေရာများအလိုက် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစ၍ (၃၀.၆.၂၀၂၃)ရက်နေ့ အထိ နေ့စဉ်ပိတ်ရက်မရှိ နံနက် (၁၀:၀၀) နာရီမှ ည (၈:၀၀) နာရီ အထိ Telegram Username - @MedicalServicePDF နှင့် Email- medicalservice@mod.nugmyanmar.org သို့ ဆက်သွယ်ပြီး လျှောက်လွှာပုံစံများ ထုတ်ယူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

(မှတ်ချက်။ လက်ရှိတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ အပါအဝင် တော်လှန်ရေးကာလ ပြည်သူ့ရဲဘော် နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ရဲရင့်မြင့်မြတ်စွာ ပါဝင်ဆောင်ရွက်သူအားလုံးကို သမိုင်းမှတ်တမ်းတစ်ခုအဖြစ် လေးစားစွာ မှတ်တမ်းတင် ထားရှိမည်ဖြစ်ပါသည်။)

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ